Wednesday, May 28, 2008

## တစ်ချက်ခုတ်သုံးချက်ပြတ်အကြံနဲ့နအဖ

# နအဖဘာတွေလုပ်စားနေပြန်ပြီလဲ-----စဉ်းစားကြည့်ကြစို့

ဒီအကြောင်းတွေဟာလူတွေအားလုံးသိနေတဲ့ကိစ္စတွေကိုရှုးချင်ယောင်ဆောင်ပြီးဘယ်လောက်ထိမှန်သလဲဆိုတာ

တကူးတကလာရောက်မေးမြန်းတဲ့(ကိုစာဖတ်သူ)ဆိုတဲ့သူအတွက်ပါတစ်ခါတည်းဖြေပေးတာပါ..။

ဘယ်အချက်တွေကိုမမှန်ဘူးလို့ဆိုချင်သေးလဲဆိုတာကျွန်တော်ကပဲပြန်မေးလိုက်ပါတယ်။

ဖြေတတ်ရင်ဖြေသွားပါခင်ဗျာ..။မဖြေတတ်ရင်လဲနေပါစေခင်ဗျ...

ကျွန်တော်တို့ရဲ့စာဖတ်ပရိတ်သတ်ကြီးတွေအနေနဲ့လဲ......ဖြစ်နိုင်ရင်ဒါမျိုးအချက်အလက်တွေကို..

ပြည်တွင်းကရိုးသားတဲ့တောင်သူဦးကြီးတွေသိစေချင်ပါတယ်..။

သူတို့ကိုမျောက်ပြဆန်တောင်းလုပ်ပြီးအငတ်ထားတာပါဆိုတာသိစေချင်စမ်းလှပါတယ်...။

နအဖကနိုင်ငံတကာကိုပြန်လည်ပြုပြင်စားရိတ်ဒေါ်လာ၁၁.၇ဘီလီယံ တောင်းတယ်တဲ့

(၁၁,၇၀၀,၀၀၀,၀၀၀ဒေါ်လာx၁၄၀၀ကျပ် =၁၆,၃၈၀,၀၀၀,၀၀၀,၀၀၀ကျပ်)

ကျွဲနွား စုစုပေါင်း ၁၃၆ ၈၀၄ ကောင်၊ ကြက် ၁ ၂၅၀ ၁၉၄ ကောင် ဆုံးရှုံးခဲ့ပါတယ်တဲ့။

အဲ့ဒီအထဲမှာ အစိုးရပိုင် ကျွဲနွား စုစုပေါင်း ၃ ကောင်ပါဝင်ပါတယ်...ဆိုပါလား။သြချတယ်။

သေဆုံးပျောက်ဆုံး ဒုက္ခသည် ၂.၅သန်းရှိတယ်တဲ့။ရုတ်တရက်ကိန်းဂဏန်းတွေကခုန်တတ်သွားပါတယ်။

အရင်ကတော့သေပျောက်စာရင်းကိုတတိတိနဲ့ဖုံးတစ်ဖက်ကွယ်တစ်ဖက်ညာပြောခဲ့တယ်။

ခုပိုက်ဆံတောင်းတော့ထွက်လာတဲ့စာရင်းကနည်းတာမဟုတ်ပါလား..။တော်တော်လာတဲ့နအဖ..။

ကိုယ်ဖင်ကိုယ်မမြင်တော့မရှက်တတ်ပါ..။ဘေးလူတွေကတော့အံ့တိုနေပြီ...။

အမေရိကန်ဒေါ်လာ ၁၀.၇ ဘီလီယံကို သူတို့လက်ထဲထည့်ရမှာပဲတဲ့။မျက်မြင်ဒိဌ္ဌဖြစ်စေရမယ်ပေါ့..။

ဆိုလိုတာက..ဘယ်ကပိုက်ဆံနဲ့ဘယ်လိုပဲပြင်ပြင်..တနေ့တီဗီမှာ..။

သတင်းစာမှာ..လှလှပပကြီးမြင်စေရမယ်ပေါ့လေ..။

ဒါပေမယ့်သူတို့ဘာတွေကြိတ်လုပ်နေလဲ...စိတ်ဝင်စားစရာကြီးပါ..။ဆက်ကြည့်ကြစို့....

နာဂစ် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်တည်ဆောက်ရေး အစီအစဉ်များကို အောက်ပါ ကုမ္ပဏီများမှ သက်ဆိုင်ရာ မြို့နယ်အလိုက် ခွဲဝေတာဝန်ယူ လုပ်ဆောင်သွားကြမယ်။(21.05.2008, ထုတ် Weekly Eleven)

မြို့ရွာများ ပြန်လည် ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းများ တာဝန်ခွဲဝေချထားရန် လျာထားချက်

(၁) လပွတ္တာ (ဧရာရွှေပါ၊ Max ၊ ဂါဂါဝင်း၊ ဇေကမ္ဘာ)

(၂) ဘိုကလေး (Daimond, Mercury, ထူး)

(၃) ဖျာပုံ (ဒဂုံ၊ ယုဇန၊ ပြည့်ဖြိုးကျော်)

(၄) မော်လမြိုင်ကျွန်း (A-1, TZTM, Original)

(၅) ကျိုက်လတ် (မောင်ဂိတ်၊ Golden Flower)

(၆) တွံတေး (Tosta , ဖွံ့ဖြိုးအောင်)

(၇) သန်လျင်၊ ကျောက်တန်း (ရွှေတောင်)

(၈) ခရမ်း (Asia Expres, Naing Group)

(၉) သုံးခွ (Universal)

(၁၀) ဒေးဒရဲ (ဇေဒင်)

(၁၁) ကွမ်းခြံကုန်း (Asia World)

(၁၂) ကော့မှူး (သော်တာဝင်း)

(၁၃) ဒလ၊ ဆိပ်ကြီး-ခနောင်တို (ရှိုင်းကုမ္ပဏီ)

(၁၄) ပေပုတော (ဟိုင်းကြီး) (ရွှေသံလွင်၊

အာရှကျော်ဦး၊ တက်လမ်း၊ မိုးကြယ်စင်၊ သိဂ်၊ FMI၊ အက်ပီဒင်၊ အေးရိပ်မွန်)

(၁၅) ရန်ကုန်အရှေ့ပိုင်းခရိုင် (အေ) >>>>> (Execl, ရွှေကမ္ဘာ)

[ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံဆိပ်ကမ်း၊

ဒဂုံအရှေ့၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း]

(၁၆) ရန်ကုန်အရှေ့ပိုင်းခရိုင် (ဘီ) >>>>> (နောင်တုံ၊ Execl, IEG, ရွှေကမ္ဘာ)

[တာမွေ၊ ရန်ကင်း၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်]

(၁၇) ရန်ကုန်အနောက်ပိုင်းခရိုင် (စီ) >>>>> (မြန်မာ့အလှ၊

Opal၊ ချမ်းသာ)

[ကျောက်တန်း၊ ပန်းဘဲတန်း၊ ဒဂုံ၊ လသာ၊ လမ်းမတော်၊ အလုံ]

(၁၈) ရန်ကုန်အနောက်ပိုင်းခရိုင် (ဒီ) >>>>> (WHK, KMA, ရွှေမိသားစု)

[ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း]

ဒီစာရင်းကိုကြည့်ရင်လဲ...ကုမ္ပဏီတွေကိုထောင့်စေ့အောင်ခိုင်းထားတာ...

ဖြစ်သမျှနေရာမကျန်ပါပဲခင်ဗျ....

ဒီနေရာမှာတာဝန်ယူတဲ့သူသာချွတ်ယွင်းခဲ့ရင်ဒီကုမ္ပဏီတာဝန်ပေါ့...။

ဒီထဲမှာလဲ--ကျွန်တော်တို့ရဲ့အလွန်ခင်မင်တဲ့ကုမ္ပဏီတွေပါပေါ့ခင်ဗျာ..။

သူတို့လဲမကျေနပ်ပေမယ့်လုပ်ရတာပါပဲ..။

သူတို့ကိုအတင်းအကျပ်စီမံကိန်းနဲ့လုပ်ခိုင်းထားတဲ့ရေနက်ကွင်းဆိုတဲ့နေရာတွေက ရေချိုရေငန်ပုဇွန်ကန်တွေ

ငါးကန်တွေသိန်းသန်းထောင်ချီပြီးဆုံရှုံးထားတာ..အာမခံတော့ရမရမသိသေး...လောလောဆယ်တော့..

ကိုယ်အိပ်ကပ်ထဲကပိုက်ဆံစိုက်ထုပ်ပြီး.....

မုန်တိုင်းဒါဏ်ခံရတဲ့ဒေသတွေကိုမြို့နယ်တစ်ခုလုံးပြန်ပြင်ပေးရမယ်တဲ့...။သိကြသေးတာပေါ့နအဖ..။

ပြီးတော့ရှိသေး...ခင်ဗျ..။စစ်အစိုးရက နာဂစ် ဆိုက်ကလုန်းမုန်တိုင်းကယ်ဆယ်ရေးအတွက်

ကျပ်ငွေသန်း ၅,၀၀၀ သုံးစွဲမယ်လို့ ထုတ်ပြန် ကြေညာခဲ့ပါတယ်။

အခုလိုကျပ်ငွေ သန်း ၅,၀၀၀ လောက် ရန်ပုံငွေထုတ်ပေးတာဟာ မျှော်လင့်မထားတဲ့အထဲက

တကယ့်ကို တွန့်တွန့်တိုတိုနဲ့ ထုတ်ပေးလာတဲ့ ထူးထူးခြား ခြား ငွေပါ။

ဒါပေမယ့်

မထင်…မထင်…မထင်….

သူတို့ပြောတဲ့သန်း၅၀၀ထောင်သည်…ညာဘက်အိပ်ကပ်ကထွက်…ဘယ်ဘက်ကအိပ်ကပ်ထဲပြန်ဝင်သွားပါပြီခင်ဗျ..။

ပလုံ…..

ဒါနဲ့စောစောကတောင်းထားတဲ့နိုင်ငံတကာကဒေါ်လာမျိုးမျိုးမြက်မြက် ၁၁.၇

ဘီလီယံ(မြန်မာငွေ..သိန်းပေါင်း၁၆၃,၈၀၀,၀၀၀…ဆိုတာကြီးတွေ)ကိုဘယ်မှာသုံးမှာပါလိမ့်……။

ဘယ်မှာမှမသုံးပါ…အဖြေကအရှင်းကြီး…….

စစ်တပ်ကခုချိန်မှာလုပ်တုပ်တုပ်….ချိုကျိုးနားရွက်ပဲ့တွေချည်းပဲ……

အပေါ်ပိုင်းလောက်သာလုတပတ………..သုံးပွင့်အောက်တွေဆိုရင်…ကြွေးနဲ့နပမ်းလုံးနေရတယ်..။

တချို့ဗိုလ်မှူးတွေဆိုရင်လဲတူတူပါပဲ……စစ်သားရိုးရိုးဆိုရင်…ကြမ်းပေါက်ဗရပွနဲ့အိမ်မှာ…ဘေးထရံကိုချိုးပြီးထင်းဆိုက်..

စားစရာမရှိတဲ့သူတွေမှအပုံ…ပစ်ထားတာကြာပီ….

သူတို့မှာအပြင်လောကရောက်ရင်နေစရာမရှိလို့စစ်တပ်ထဲမှာပဲကပ်နေကြတာ…

ခိုင်းတာလုပ်မယ့်သူတွေချည်းပဲ…ပစ်ထားတာကြာပြီ…

ခုတလောUS,EU,UN…..စတဲ့ဟာတွေကဖြိမ်တကဲကဲ…

ဒါကြောင့်တပ်ကို..ကျားကန်ရမယ်..ဒင်းတို့ကိုအသေခံတိုက်ခိုင်းရမယ်….

ထမင်း၀ဝပြန်ကျွေးမှ….

လက်နက်ကောင်းတာလေးတွေလဲပြန်ဝယ်မှ…

ဒီပိုက်ဆံတွေကိုအလှူခံပြီး…လှူတဲ့ကောင်တွေကိုပြန်အာခံဖို့ဆိုတာရှင်းနေတာပါခင်ဗျ…..

စစ်အစိုးရဆီမှာ လက်ရှိ ဒေါ်လာသန်း ၄,၀၀၀ လောက် နိုင်ငံခြား အရံငွေကြေး သဘာဝဓါတ်ငွေ့ရောင်းထားလို့ ရတဲ့ငွေ ရှိနေပါတယ်။

တကယ်လို့ ကျပ်ငွေတန်ဖိုးနဲ့ တွက်လိုက်ရင် ကျပ်သန်း ၄ ထရီလီယံကျော် ရှိနေပါတယ်။

သို့သော်လည်း အမှန်ဒီငွေတွေက ပြည်သူ့ငွေတွေပါ။

ဒီငွေတွေက ဗိုလ်ချုပ်တွေ ပိုင်ဆိုင်တဲ့ငွေ မဟုတ်ပါဘူး။

သူတိုအိပ်ကပ်ထဲမှာ သဘာဝဓါတ်ငွေ့ရောင်းထားလို့ ရတဲ့ ငွေတွေနဲ့ စုမိဆောင်းမိ ဖြစ်နေပါပြီ

ဖုတ်ဖတ်ခါပြီးပြေးလို့ရနေပါပြီ..။ဒီကမ္ဘာပေါ်မှာနေလို့မရတော့ဘူးဆိုရင်တောင်မှ….

အာကာသထဲမှာကိုယ်ပိုင်ဂြိုလ်နဲ့နေနိုင်လောက်အောင်ချမ်းသာနေကြပါပြီ…။

မြန်မာစစ်အစိုးရက လက်ရှိကာလမှာ လတိုင်း လတိုင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရှိနေပါ တယ်။

အစိုးရရဲ့ ငွေစာရင်းရှင်းတမ်းကို ကြည့်မယ်ဆိုရင် စစ်အစိုးရရဲ့ ယုံနိုင်စရာမရှိတဲ့

စာရင်း လိမ်လည် ဖော်ပြထားမှုကို တွေ့ရပါလိမ့်မယ်။

သဘာဝဓါတ်ငွေ့ ရောင်းချရာက ရတဲ့ငွေကို တရားဝင်ငွေလဲနှုန်းနဲ့ တွက်ပြီး စာရင်းသွင်း ထားပါတယ်။

ဒီလိုတွက်ချက်ထားတာက တကယ်ပြင်ပပေါက်ဈေးထက် အဆ ၂၀၀ လျော့နည်းနေပါတယ်။

ဒီလိုလုပ်ခြင်း အားဖြင့် ဒေါ်လာသန်း ၃,၀၀၀ လောက်ကို လွယ်လွယ်လေး တနေရာမှာ ဖုက်ထားလိုက်တာပါပဲ။

ဒီငွေတွေကို ဗိုလ်ချုပ်သန်းရွှေ၊ သို့မဟုတ် နောက်ထပ်လူတဦး၊ နှစ်ဦးလောက် ကပဲ သိခွင့်၊ ထိတွေ့ခွင့်ရပါလိမ့်မယ်။

ဒီငွေတွေကို မြန်မာပြည်သူတွေရဲ့ ကောင်းရာကောင်းကျိုးအတွက် မသုံးပါဘူး။

ဒီငွေ တွေက အထူးသဖြင့် ခုလိုအချိန်မျိုးမှာ အရေးကြီးလှပါတယ်။

ဒီငွေတွေက မုန်တိုင်းကပ်ဘေးသင့်ရသူတွေ အတွက် တကယ့်များပြားတဲ့ ပမာဏပါ။

ဒါပေမယ့် သူတို့က ရည်ရွယ်ချက်ရှိရှိနဲ့ ထိန်ချန်ထားကြပါတယ်။

နေပြည်တော် မြို့တော်သစ်ဆောက်တာတို့၊ အဏုမြူခါတ်ပေါင်းဖိုကိစ္စတို့မှာ သုံးပါလိမ့်မယ်။

ရွှေလျှောက် လည်း ဒီလိုပဲ သုံးဖွယ် ရှိပါတယ်။

လူတွေမှတ်မိပါလိမ့်မယ် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင် တွေကို လစာ အဆ ၁,၀၀၀ တိုးပေးတာတို့၊

အခြား ဖြုန်းတီးပစ်နေတဲ့ စီမံချက်တွေလည်း ရှိပါသေးတယ်။

သူတို့က လူတွေရဲ့ ဆင်းရဲဒုက္ခ သက်သာချောင်ချိအောင် ဘယ်တော့မှလုပ်ပေးမှာမဟုတ်ပါဘူး။

အောက်ပါအလားတူဖြစ်ရပ်တွေကိုချိန်ထိုးပြီကြည့်ကြပါခင်ဗျာ...။

ဘိုကလေးမြို့နယ်အတွင်းရှိ မုန်တိုင်းကြောင့် အသက်မသေ ကျန်ခဲ့သူ အများစုမှာ

မုန်တိုင်းအပြီး တပတ်ကတည်းက အစာငတ်နေကြသူများဖြစ်ပြီး မကြာခင် အဟာရချို့တဲ့သည့်ရောဂါများ

ဖြစ်လာနိုင်သည်ဟု အကူအညီပေးရေးအဖွဲ့တခု၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘိုကလေးမြို့နယ်တွင်းရှိ မုန်တိုင်းကြောင့် အသက်မသေကျန်ခဲ့သူ အများစုမှာ နေ့စဉ် အစာရှာဖွေ နေရသလို

ရသည့်အစာကို မည်သို့ချက်ပြုတ်ရမည်ကိုပါ နည်းလမ်းရှာနေရသည်ဟု Action Against Hunger (or)Action Contre la

Faim (ACF) အဖွဲ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ACF အဖွဲ့ သုတေသနပြုမေးမြန်းခဲ့သည့် ဘိုကလေးမြို့နယ်ရှိ အသက်မသေ ကျန်ခဲ့သူများ၏ (၈၆) ရာနှုန်းမှာ

မကောင်းသည့်ဆန်များကို နေ့စဉ်စားနေရပြီး စားပြန်တော့လည်း တနပ်ကို စားနေကျထက် ထက်ဝက်မျှ

လျှော့စားနေကြရသည်။ (၇၂) ရာနှုန်းမှာ မုန်တိုင်းမတိုင်မီကကဲ့သို့ တနေ့ ထမင်းသုံးနပ် မစားနိုင်ဘဲ

နှစ်နပ်သာစားနေရသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ ထို့ပြင် မုန်တိုင်းကြောင့် ငါးဖမ်းကိရိယာများ

ဆုံးရှုံးခဲ့သည့်အလျောက် နေ့စဉ်အသက်ရှင်ရန်အတွက် ရှိတာ ရောင်းချပေါင်နှံ စားသောက်နေကြရသည်ဟုပါ

ဖော်ပြထားသည်။ ACF အဖွဲ့မှ မေးမြန်းခဲ့သူများ၏ (၇၅) ရာနှုန်းမှာ ပင်လယ်ရေနှင့် တိရိစ္ဆာန်အသေကောင်များကြောင့်

မသန့်သည့် ရေကန်များမှ ရေကိုသုံးနေသလို အိမ်သာ (၉၆) ရာနှုန်းမှာ ပျက်စီးကုန်သည်ဟု (ACF) အဖွဲ့ အစီရင်ခံစာတွင်

ဖော်ပြထားသည်။ ။

သူတို့ လုပ်ချင်ရင်---မုန်တိုင်းပြီးကတဲကလုပ်ပါတယ်ခင်ဗျာ.....။

အချိန်တွေဆွဲနေတာဟာ...လုံးဝရိုးသားတဲ့လုပ်ရပ်လို့ပြောလို့မရဘူးဆိုတာကိုစာဖတ်သူတစ်ယောက်...

သဘောပေါက်လောက်ပါပြီ...

ဒီထက်ပိုရှင်းချင်ရင်တော့စာဖတ်သူဆိုတဲ့နာမည်နဲ့လိုက်အောင်စာတွေစုံအောင်ဖတ်ပါဦးလို့ပဲပြောချင်ပါတယ်...

စာဖတ်တာများလာတာနဲ့ဘယ်ဟာမှန်တယ်ဘယ်ဟာမှားတယ်ဆိုတာသိလာပါလိမ့်မယ်...။

သေချာတာတစ်ခုကတော့...ဆင်သေဟာဆင်သေပါပဲခင်ဗျာ.။။။။

ဖုံးကွယ်ဖို့ကြိုးစားရင်တော့ဘဲရေငုတ်သလိုပါပဲ...ရှေ့ကငုတ်...နောက်ကပေါ်ပေါ့ခညာ...ဟီးဟီး....။

ရက်ချာကြီးပါခညာ......။

## Wednesday, 28 May 2008

### မေးချင်တာလေး တစ်ခု

ကျွန်တော် ရင်ထဲက မေးချင်တာလေး တစ်ခုကို အာဆီယံနဲ့ ကုလသမဂ္ဂဆိုတဲ့ အဖွဲ့ကြီးနှစ်ခုကို မေးချင်ပါတယ်။

မုန်တိုင်းကယ်ဆယ်ရေး အတွက် အသက်လုနေရတဲ့ အချိန်တွေမှာ နအဖက နိုင်ငံရေး အကြောင်းပြပြီး ကယ်ဆယ်ရေးတွေကို လက်မခံခဲ့ပါဘူး။ သူ့ အကြောင်းပြချက်က နိုင်ငံရေးပါ။ အဲဒီ နိုင်ငံရေး အကြောင်းပြချက်ကြောင့် မသေ သင့်ပဲ သေရတဲ့ လူတွေ သေပြီးသွားပါပြီ။ ထပ်သေဖို့လည်းအသင့်စောင့်နေကြပါသေးတယ်။သေလည်းသေမှာပါပဲ။

ဒီတော့ တကယ်တန်း သေချာ အခြေခံကို ပြန်ကြည့်ရင် နအဖက နိုင်ငံရေး ကစားနေလို့ လူတွေသေရတာဆိုတာငြင်းလို့မရနိုင်ပါဘူး။

မေးချင်တဲ့မေးခွန်းကတော့

အခုလို အကူ အညီတွေ ပေးတဲ့ နေရာမှာ နအဖကို နိုင်ငံရေး စကားသွားမပြောဘဲ နအဖ စိတ်ကြိုက် စကားလုံးတွေ သုံးပြီး အကူ အညီ ပေးနိုင်အောင် ဘာလို့ ကြိုးစားနေရတာပါလဲ။

တကယ်တန်း သွားကူခွင့်ရတော့ လေယဉ်၊ ရဟတ်ယဉ် အနည်းငယ်နဲ့ ရာဂဏန်း မပြည့်တဲ့ ကယ်ဆယ်ရေး ဝန်ထမ်းတွေသာ ဖြစ်ပြီး၊ မြန်မာနိုင်က ဒုက္ခရောက်နေတဲ့ လူတွေရဲ့ မပြောပလောက်တဲ့ ပမာဏပဲ ကယ်နိုင်တာပါ။ အဲဒါကို UN၊ ASEAN တို့ရဲ့ မဟာ အောင်မြင်မှုကြီးလို ပြောနေတာကတော့ မြင်ရ၊ ကြားရတဲ့ လူတွေအဖို့ အတော့်ကို မအီမလည် ခံစားရပါတယ်။

UN သဘော တူညီချက်နဲ့ အတင်းဝင်ကူဖို့ဆိုတဲ့ စကားကို မသုံးရတာပါလဲ။ UN၊ ASEAN တို့ အနေနဲ့နအဖအလိုတူမြန်မာပြည်သူလူထုကိုဖြည်းဖြည်းချင်းသတ်ဖို့ ရည်ရွယ်နေတာလားဆိုတာကို ကျွန်တော်မေးကြည့်ချင်ပါတယ်။

လက်ရှိ မြန်မာ ပြည်သူလူထု ဘဝက မြန်မြန် အသတ်ခံရတာနဲ့ ဖြည်းဖြည်းချင်း ညှင်းပြီး အသတ်ခံရတာသာ ကွာပါကြောင်း လေးစားဖွယ် လူကြီးမင်းတွေ ဖြစ်တဲ့ UN၊ နဲ့ ASEAN က ပညာတတ်ပုဂ္ဂိုလ်ကြီးတွေသိနိုင်မယ်လို့ထင်မိပါတယ်။

မထိရောက်တဲ့ လူတွေကို ကယ်ဖို့ဆိုတဲ့ အကြောင်းပြချက်ကတော့ UN နဲ့ ASEAN လို အဖွဲ့ကြီးရဲ့ အဖြေဖြစ်မယ်ဆိုရင်တော့ကျွန်တော်မေးတာတွေကိုမေ့ထားလိုက်ပါ။

လေးစားစွာဖြင့်
ကိုထိုက်